IDG အုပ်စု DMCC

1405 JBC 5, Cluster W, Jumeriah Lakes towers, PO Box 50784, Dubai.

# ကျွန်စနစ်ဖျက်သိမ်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး မူဝါဒ

ဇန်နဝါရီ 2020

ဗားရှင်း 1.1

# ဗားရှင်း ထိန်းချုပ်မှု

| ဗားရှင်း | ထုတ်ပြန်ရက်စွဲ | ရေးသားသူ | ဖြန့်ဝေရန် ခွင့်ပြုထားသည် |
|---|---|---|---|
| 1 | ဒီ 19 | G WINTER | I GORDON |
| 1.1 | ဇန် 20 | G WINTER | |
| | | | |
| | | | |
| | | | |

# မာတိကာဇယား


**မာတိကာဇယား....................................................................................................1**

**ကျွန်စနစ်ဖျက်သိမ်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးမူဝါဒ...............................................2**

1. အတိုင်းအတာ ........................................................................................................ 2
2. မူဝါဒဖော်ပြချက်......................................................................................................... 2
3. မူဝါဒဆိုင်ရာ လိုက်နာရမည့်တာဝန်ဝတ္တရား.................................................................. 2
4. မူဝါဒ လိုက်နာမှု ...................................................................................................... 3
5. ဤမူဝါဒအား လက်ဆင့်ကမ်းခြင်းနှင့် သိရှိနားလည်ခြင်း.................................................. 4
6. မူဝါဒချိုးဖောက်ခြင်း ................................................................................................ 4

## ကျွန်စနစ်ဖျက်သိမ်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးမူဝါဒ 2

## 1. အတိုင်းအတာ

IDG ၏ ကျွန်စနစ်ဖျက်သိမ်းရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးမူဝါဒသည် ယူကေနိုင်ငံ၏၂၀၁၅ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ခေတ်သစ်ကျွန်ပြုမှုတိုက်ဖျက်ရေးအက်ဥပဒေ( Modern Slavery Act 2015) နှင့်အညီ ရှိစေရန် အထောက်အကူပြုပါသည်။ ဤမူဝါဒသည် ဝန်ထမ်းများ၊ ကန်ထရိုက်တာများနှင့် အခြားစီးပွားဖက်လုပ်ငန်းများနှင့် သက်ဆိုင်ပြီး ၎င်းက ကျွန်ပြုမှုနှင့်လူကုန်ကူးမှုတိုက်ဖျက်ရေးအပေါ် လမ်းညွှန်ချက်၊ စီးပွားရေးလုပ်ငန်းနှင့် ကျွန်ုပ်တို့၏ ထောက်ပံ့စနစ်ကွင်းဆက်များအတွင်းရှိ ကျွန်ပြုခိုင်းစေမှုနှင့် လူကုန်ကူးမှုကို ကိုင်တွယ်ဖြေရှင်းရန် ဆောင်ရွက်ရမည့် စီမံချက်များကို ရရှိစေပါသည်။

## 2. မူဝါဒဖော်ပြချက်

ခေတ်သစ်ကျွန်ပြုမှုသည် ရာဇဝတ်မှုတစ်ရပ်ဖြစ်သလို အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်လည်း ဖြစ်ပါသည်။ မျက်မှောက်ခေတ်ကျွန်ပြုမှုနှင့် လူကုန်ကူးမှုများတွင် လူတစ်ဦးတစ်ယောက်ယောက်အပေါ်တွင် ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း သို့တည်းမဟုတ် ကိုယ်ကျိုးစီးပွားတစ်စုံတရာ ရရှိစေရန်အလို့ငှာ တစ်စုံတစ်ဦး၏ အခြေခံလွတ်လပ်ခွင့်ကို ထိပါးစော်ကားသည့် ကျွန်ပြုခြင်း၊ လူတစ်ဦးဦးကို ခိုင်းဖတ်အဖြစ်ထားရှိခြင်း၊ အတင်းအကြပ်ခိုင်းစေခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လူကုန်ကူးခြင်းတို့ကဲ့သို့ ပုံစံအမျိုးမျိုးပါဝင်ပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းအတွင်း သို့မဟုတ် မည်သည့် ထောက်ပံ့စနစ်ကွင်းဆက်များအတွင်းမဆို မည်သည့်နေရာတွင်မှ ခေတ်သစ်ကျွန်ပြုမှုမဖြစ်ပေါ်စေရန် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းရောင်းဝယ်လုပ်ကိုင်မှုများနှင့် ဆက်ဆံရေးများအားလုံးတွင် ကျင့်ဝတ်ညီညွတ်စွာနှင့် ဂုဏ်သိက္ခာရှိရှိ ကျင့်သုံးလုပ်ဆောင်သွားရန်နှင့် ထိရောက်ကောင်းမွန်သည့် စနစ်များနှင့် ထိန်းချုပ်ဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရန်နှင့် အသက်ဝင်စေရန် ကတိပြုထားပါသည်။

ယူကေနိုင်ငံ၏ ခေတ်သစ်ကျွန်ပြုမှုတိုက်ဖျက်ရေးအက်ဥပဒေ 2015 အရ ကျွန်ုပ်တို့၏ထုတ်ဖော်ပြောကြားရမည့် တာဝန်များနှင့်အညီ ကျွန်ုပ်တို့၏ ထောက်ပံ့စနစ်ကွင်းဆက်များအားလုံးအနှံ့အပြားတွင် ခေတ်သစ်ကျွန်ပြုမှုကို ကိုင်တွယ်ဖြေရှင်းရန် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းနှင့် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုအတွင်း ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်သွားမည်ဟု ကျွန်ုပ်တို့အနေဖြင့် ကတိကဝတ်ပြုပါသည်။ ကျွန်ုပ်တို့၏ ကန်ထရိုက်တာများ၊ ပေးသွင်းသူများ နှင့် အခြားလုပ်ငန်းစီးပွားဖက်များအားလုံးထံမှ တစ်မျိုးတည်းသော မြင့်မားသည့် စံချိန်စံညွှန်းများကို မျှော်မှန်းထားပြီး ကျွန်ုပ်တို့၏ ကန်ထရိုက်ချုပ်ဆိုမှုလုပ်ငန်းစဉ်များ၏ အစိတ်အပိုင်းအနေဖြင့် အရွယ်ရောက်ပြီးသူများဖြစ်စေ ကလေးများဖြစ်စေ အတင်းအကြပ် အလုပ်စေခိုင်းခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်း သို့မဟုတ် လူကုန်ကူးပြီး လုပ်အားခိုင်းစေခြင်း၊ သို့မဟုတ် တစ်စုံတစ်ဦးကို ကျွန်ပြုခြင်း သို့မဟုတ် ခိုင်းဖတ်အဖြစ်ထားရှိခြင်း တို့ကို ဆန့်ကျင်သည့် သီးသန့် တားမြစ်ချက်များကို ထည့်သွင်းထားကာ ကျွန်ုပ်တို့၏ ပေးသွင်းသူများကလည်း ၎င်းတို့၏ ကိုယ်ပိုင်ပေးသွင်းသူများအပေါ် တစ်မျိုးတည်းသော မြင့်မားသည့် စံချိန်စံညွှန်းများနှင့် ထိန်းသိမ်းထားရန် ကျွန်ုပ်တို့ မျှော်မှန်းထားသည်။

ဤမူဝါဒသည် ရာထူးအသီးသီးမှ ဝန်ထမ်းများ၊ ဒါရိုက်တာများ၊ အရာရှိများ၊ အဂျေင်စီဝန်ထမ်းများ၊ လက်အောက်ခံ ဝန်ထမ်းများ၊ လုပ်အားပေးများ၊ အလုပ်သင်ဝန်ထမ်းများ၊ အေးဂျင့်များ၊ ကန်ထရိုက်တာများ၊ ပြင်ပမှ ဆွေးနွေးတိုင်ပင်အကြံပေးသူများ၊ ပြင်ပမှကိုယ်စားလှယ်များနှင့် လုပ်ငန်းစီးပွားဖက်များအပါအဝင် ကျွန်ုပ်တို့နှင့်

ပူးပေါင်းလုပ်ဆောင်နေသူအားလုံး နှင့် လုပ်ငန်းကို ကိုယ်စားပြုနိုင်စွမ်းရှိသူ အားလုံးနှင့် သက်ဆိုင်သည်။

ဤမူဝါဒသည် အလုပ်ရှင်နှင့် ဝန်ထမ်းများအကြားချုပ်ဆိုသည့် ကန်ထရိုက်ချုပ်ဆိုမှုတွင် တစ်စိတ်တစ်ပိုင်းအနေဖြင့် ပါဝင်မည်မဟုတ်သော်ငြားလည်း ကျွန်ုပ်တို့အနေဖြင့် အချိန်မရွေးဖြည့်စွက်ပြင်ဆင်နိုင်ရမည်ဖြစ်သည်။

## 3. မူဝါဒဆိုင်အတွက် တာဝန်ဝတ္တရား

ဒါရိုက်တာ ဘုတ်အဖွဲ့တွင် ဤမူဝါဒကို ဥပဒေအရဖြစ်စေ လူ့ကျင့်ဝတ်အရဖြစ်စေလိုက်နာရမည့် ဝတ္တရားတစ်ရပ်အနေဖြင့် လိုက်နာမှုများရှိစေရန်အတွက် သေချာအောင်လုပ်ဆောင်ရမည့် တာဝန် အပြည့်အဝရှိပါသည်။ ထို့အတူ ကျွန်ုပ်တို့၏ ကြီးကြပ်ကွက်ကဲမှုနှင့်အတူ ဒါရိုက်တာဘုတ်အဖွဲ့သည်လည်း အဆိုပါမူဝါဒအား လိုက်နာရမည်ဖြစ်သည်။

အမှုဆောင်အရာရှိချုပ်၏ အခြေခံအကျဆုံးနှင့် နေ့စဉ်နှင့်အမျှလုပ်ဆောင်ရမည့် တာဝန်သည် ဤမူဝါဒကို အကောင်အထည်ဖော်ဆောင်ရန်ဖြစ်သည်။ ထို့အပြင် မျက်မှောက်ခေတ်ကျွန်ပြုမှုကို တိုက်ဖျက်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရာတွင် အဆိုပါ မူဝါဒအား အသုံးပြုမှုနှင့် ထိရောက်မှုအတိုင်းအတာကို စောင့်ကြည့်လေ့လာရန်ဖြစ်သလို မျက်မှောက်ခေတ်ကျွန်ပြုမှုတန်ပြန်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ထိရောက်စွာအသုံးချနိုင်စေရန်အတွက် လုပ်ငန်းတွင်း ကြီးကြပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများအား စစ်ဆေးအကဲဖြတ်ရမည်ဖြစ်သည်။

စီမံခန့်ခွဲအဆင့်အားလုံးတွင် တာဝန်ထမ်းဆောင်နေသည့် အမှုထမ်းများအနေဖြင့် ဤမူဝါဒနှင့်ပတ်သက်၍ ၎င်းတို့ထံတင်ပြလာသည့် အစီရင်ခံမှုများအား နားလည်သိရှိရန် လိုအပ်သလို အဆိုပါမူဝါဒအား လိုက်နာကျင့်သုံးရမည်ဖြစ်သည်။ ထို့အတူ အဆိုပါမူဝါဒနှင့် ထောက်ပံ့စနစ်ကွင်းဆက်များအတွင်း ခေတ်သစ်ကျွန်ပြုမှုကိစ္စနှင့် ပတ်သက်၍ လုံလောက်သည့် သင်တန်းပေးပို့ချချက်များကို ပံ့မှန်လုပ်ဆောင်ပေးရမည်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ဤမူဝါဒအတွက် မှတ်ချက်ပြုရန်နှင့် ဤမူဝါဒကိုတိုးတက်စေရန်ဖော်ဆောင်ပေးနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဝေဖန်အကြံပြုမှုများအား ဖိတ်ခေါ်လျက်ရှိပါသည်။ ဝေဖန်အကြံပြုချက်များ၊ ထင်မြင်ယူဆချက်များ၊ မေးမြန်းမှုများပြုလုပ်ရန် တိုက်တွန်းပြီး ၎င်းတို့ကို အမှုဆောင်အရာရှိချုပ်ထံ လိပ်မူပေးပို့ရမည်ဖြစ်သည်။

## 4. မူဝါဒနှင့်အညီ လိုက်နာမှု

သင့်အနေဖြင့် ဤမူဝါဒအားဖတ်နိုင်၊ နားလည်နိုင်မှုရှိရမည်ဖြစ်သလို လိုက်နာနိုင်မှုလည်း ရှိရမည်ဖြစ်သည်။

ကျွန်ုပ်တို့ လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုခုတွင်ဖြစ်စေ ထောက်ပံ့စနစ်ကွင်းဆက်များ အတွင်း၌ဖြစ်စေ ခေတ်သစ်ကျွန်ပြုမှုအား ကာကွယ်ခြင်း၊ စစ်ဆေးဖော်ထုတ်ခြင်း၊ အစီရင်ခံတင်ပြခြင်းများလုပ်ဆောင်ရန်မှာ ကျွန်ုပ်တို့နှင့် လက်တွဲလုပ်ဆောင်နေသူအားလုံး သို့မဟုတ် ကျွန်ုပ်တို့၏ ကွပ်ကဲမှုအောက်တွင်လုပ်ဆောင်နေသူအားလုံး၏ တာဝန်ဖြစ်သည်။ သင့်အနေဖြင့် ဤမူဝါဒအား ချိုးဖောက်သည့်လုပ်ရပ်ဖြစ်စေ ချိုးဖောက်ရန်ကြံရွယ်သည့် လုပ်ရပ်ဖြစ်စေ ချိုးဖောက်ရန် ရည်ရွယ်သည်ဟု ယူဆဖွယ်ရှိသည့် ဆောင်ရွက်မှုများအား ရှောင်ကြဉ်ရန် လိုအပ်ပါသည်။

သင့်အနေဖြင့် ဤမူဝါဒနှင့်စပ်လျဉ်း၍ အငြင်းပွားဖွယ် တစ်စုံတရာ ဖြစ်ပေါ်နေသည် ယူဆလျှင်ဖြစ်စေ အနာဂတ်တွင် အငြင်းပွားဖွယ်ရာ ကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်လာနိုင်ဖွယ် ရှိသည်ဟု ယူဆလျှင်ဖြစ်စေ သို့တည်းမဟုတ် သံသယရှိလျှင်ဖြစ်စေ မန်နေဂျာထံသို့ မြန်နိုင်သမျှမြန်မြန် သတင်းပေးပို့ရမည်ဖြစ်သည်။

ကျွန်ုပ်တို့ လုပ်ငန်း၏ အစိတ်အပိုင်းတစ်ခုခုတွင်ဖြစ်စေ ပေးသွင်းသူတစ်ရပ်ရပ်၏ ထောက်ပံ့စနစ်ကွင်းဆက်များအတွင်း၌ဖြစ်စေ မျက်မှောက်ခေတ်ကျွန်ပြုမှု သို့တည်းမဟုတ် သံသယရှိနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများကို ဖြစ်နိုင်ခြေရှိသည့် အစောဆုံး အခြေအနေတွင် တိုင်ကြားရန် တိုက်တွန်းပါသည်။

အကယ်၍သင့်အနေဖြင့် ဤမူဝါဒအား ချိုးဖောက်ခံနေရသည် ယူဆလျှင်ဖြစ်စေ သို့တည်းမဟုတ် ချိုးဖောက်ခံနေရသည်ဟုသံသယရှိလျှင်ဖြစ်စေ မန်နေဂျာထံသို့ အမြန်ဆုံး အသိပေးအကြောင်းရမည် သို့တည်းမဟုတ် စုံစမ်းစစ်ဆေးစဉ် အချက်အလက်ပိုင်းဆိုင်ရာ စောင့်ထိန်းလိုက်နာရမည့်မူဝါဒနှင့်အညီ အစီရင်ခံတင်ပြအကြောင်းကြားရမည်ဖြစ်သည်။ သင့်အနေဖြင့် ဒေသတွင်းဝန်ထမ်းများအတွက် သင့်တင့်လျောက်ပတ်သည့်နေရာထိုင်ခင်းရရှိရေးကို ဆောင်ရွက်ပေးရမည်ဖြစ်သလို ဘေးကင်းလုံခြုံရေးနှင့် ကောင်းကျိုးအတွက် ဦးစားပေးလုပ်ဆောင်ရမည်ဖြစ်သည်။ ထို့အပြင် သင့်အနေဖြင့် ပေးသွင်းသူများအား ၎င်းတို့၏ လုပ်ငန်းများအတွင်း၌ဖြစ်စေ ထောက်ပံ့စနစ်ကွင်းဆက်လုပ်ငန်းများအတွင်း၌ဖြစ်စေ အတင်းအကြပ်အလုပ်ခိုင်းစေခြင်း၊ လုပ်အားခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းများ အားကိုင်တွယ်ဖြေရှင်းသည့်နေရာတွင် အကူအညီဖြစ်စေမည့် လမ်းညွှန်ချက်များ၊ အထောက်အပံ့များအား ပေးရမည်ဖြစ်သည်။

သင့်အနေဖြင့် ထူးခြားသည့် လုပ်ဆောင်မှုဖြစ်မဖြစ်၊ အလုပ်သမားများ၏ ဆက်ဆံမှုသည် ပိုမိုယေဘုယျလွန်းခြင်းရှိမရှိ သေချာရေရာစွာ မသိဖြစ်နေလျှင် သို့မဟုတ် ကျွန်ုပ်တို့ ထောက်ပံ့စနစ်ကွင်းဆက်များ၏ မည်သည့်အဆင့်အတွင်း၌မဆို ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်ရေးအခြေအနေများသည် မျက်မှောက်ခေတ်ကျွန်ပြုမှုပုံစံအမျိုးမျိုးအနက် တစ်မျိုးမျိုးကို ဖြစ်ပေါ်စေလျှင် ထိုအကြောင်းကို မန်နေဂျာအား အသိပေးပါ။

ကျွန်ုပ်တို့အနေဖြင့် ပွင့်လင်းလွတ်လပ်မှုကို အားပေးတိုက်တွန်းရန် ရည်ရွယ်ပြီး ဤမူဝါဒအရ သဘောရိုးဖြင့် အစစ်အမှန်ဖြစ်သော စိုးရိမ်ပူပန်မှုများကို တင်ပြသည့် မည်သူကိုမဆိုသည် မှားယွင်းပြုလုပ်မိကြောင်း သိရှိသည့်တိုင် ထောက်ကူပံ့ပိုးသွားမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ကိုယ်ပိုင်လုပ်ငန်းအတွင်း မည်သည့်အစိတ်အပိုင်းအတွင်းဖြစ်စေ ကျွန်ုပ်တို့၏ မည်သည့် ထောက်ပံ့စနစ်ကွင်းဆက်များအတွင်းဖြစ်စေ မည်သည့်ပုံစံမဆိုရှိနိုင်သည့် ခေတ်သစ်ကျွန်ပြုမှု ရှိကြောင်း သို့မဟုတ် ရှိလာမည်ဖြစ်ကြောင်း သဘောရိုးဖြင့် ၎င်းတို့၏ သံသယကို တင်ပြသည့်အကျိုးဆက်အနေဖြင့် ထိခိုက်နစ်နာစေသည့် မည်သည့် ပြုမူဆက်ဆံမှုကိုမဆို မည်သူတစ်ဦးတစ်ယောက်ကမှ ခံစားရစေမည်မဟုတ်ကြောင်း ကျွန်ုပ်တို့ ကတိကဝတ်ပြုပါသည်။ ထိခိုက်နစ်နာစေသည့် ပြုမူဆက်ဆံမှုတွင် အလုပ်မှထုတ်ပယ်ခြင်း၊ စည်းမျဉ်းများအရအရေးယူအပြစ်ပေးခြင်း၊ ခြိမ်းခြောက်မှုများ သို့မဟုတ် စိုးရိမ်ပူပန်မှုကို တင်ပြခြင်းနှင့် ဆက်နွယ်သည့် လက်ခံနိုင်ဖွယ်ရာမရှိသော ပြုမူဆက်ဆံမှု ပါဝင်သည်။ အကယ်၍သင့်အနေဖြင့် အဆိုပါ ပြုမူဆက်ဆံမှုတစ်ရပ်ရပ်ကို ခံစားနေရသည်ဟုယူဆပါက စည်းကမ်းထိန်းသိမ်းရေးမန်နေဂျာထံသို့ ချက်ချင်းသတင်းပို့သင့်သည်။ အကယ်၍ ပြဿနာကိစ္စရပ်ကို ကုစားဖြေခြင်းမရှိလျှင်၊ သင်သည်ဝန်ထမ်းတစ်ဦး ဖြစ်နေလျှင်ဖြစ်စေ ကျွန်ုပ်တို့၏ နစ်နာမှုဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ကိုးကားအသုံးပြုလျက် ၎င်းအား တရားဝင်တင်ပြရမည်။

## 5. ဤမူဝါဒအား လက်ဆင့်ကမ်းခြင်းနှင့် သိရှိနားလည်ခြင်း 4

ဤမူဝါဒအား သင်တန်းပေးပို့ချမှုနှင့် ကျွန်ုပ်တို့ ထောက်ပံ့စနစ်ကွင်းဆက်များအတွင်း မျက်မှောက်ခေတ်ကျွန်ပြုမှုများမှတဆင့် ကျွန်ုပ်တို့ လုပ်ငန်းအတွင်း၌ မျက်မှောက်ခေတ်ကျွန်ပြုမှုကို ရင်ဆိုင်ရနိုင်သည့် အလားအလာရှိနေပါက ကျွန်ုပ်တို့ထံတွင် တာဝန်ထမ်းဆောင်ပေးနေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီကို ခေတ်သစ်ကျွန်ပြုမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သလို လိုအပ်ပါက ပုံမှန် သင်တန်းပို့ချမှုများကိုလည်း လုပ်ဆောင်ပေးသွားမည် ဖြစ်သည်။

ကျွန်ုပ်တို့၏ လုပ်ငန်းနှင့် ထောက်ပံ့စနစ်ကွင်းဆက်များအတွင်းမှ မျက်မှောက်ခေတ်ကျွန်ပြုမှုကိစ္စရပ်အား ဖြေရှင်းဆောင်ရွက်မည့် ကျွန်ုပ်တို့၏ ကတိပြုချက်ကို ကျွန်ုပ်တို့၏ ပေးသွင်းသူများ၊ ကန်ထရိုက်တာများနှင့် လုပ်ငန်းစီးပွားဖက်များအားလုံးထံ ကျွန်ုပ်တို့နှင့် လုပ်ငန်းစတင်လုပ်ကိုင်ချိန်မှစ၍လက်ဆင့်ကမ်းရမည်ဖြစ်ပြီး နောက်ပိုင်းတွင်လည်း သင့်တော်သလို အားဖြည့်ထောက်ကူရမည်ဖြစ်သည်။

## 6. မူဝါဒအား ချိုးဖောက်မှုများ

ဤမူဝါဒအားချိုးဖောက်သည့် မည်သည့်ဝန်ထမ်းမဆိုအဆိုပါ မလျော်ကန်သည့်ပြုမူလုပ်ဆောင်မှု တစ်ရပ်အတွက်ဖြစ်စေ တစ်ရပ်ထက်ပိုသော မလျော်ကန်သည့်ပြုမူလုပ်ဆောင်မှုအတွက်ဖြစ်စေ အလုပ်မှထုတ်ပယ်ခြင်းကဲ့သို့သော စည်းမျဉ်းစည်းကမ်းများအရ အရေးယူဆောင်ရွက်ခြင်းကို ရင်ဆိုင်ရမည်။

ကျွန်ုပ်တို့၏ကိုယ်စားလုပ်ကိုင်နေသူများမှဖြစ်စေ အဖွဲ့အစည်းများမှဖြစ်စေ ဤမူဝါဒအား ချိုးဖောက်ပါက ကျွန်ုပ်တို့နှင့် အဆိုပါ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကို ရပ်ဆိုင်းသွားမည်ဖြစ်သည်။